# ConnectCarolina (ကွန်နက်ကာရိုလိုင်းနား) တွင် သင့် W-2 ကို ရှာဖွေပုံ

## သင့်အချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းခြင်း

လျှို့ဝှက်ရန် လိုအပ်သည့် အချက်အလက်များကို (လူမှုဖူလုံရေးနံပါတ်များကဲ့သို့) လုံခြုံစွာ ထိန်းသိမ်းထားရန် "၂-ဆင့် အတည်ပြုမှု"ဟု ခေါ်သည့် လုံခြုံရေး နည်းစနစ်အသစ်ကို တက္ကသိုလ်က အသုံးပြုနေပါသည်။ ConnectCarolina (ကွန်နက်ကာရိုလိုင်းနား)တွင် သင့် W-2 ကို သင်မမြင်ရမီ ဤစနစ်သည် သင့်အား "သင်သည် သင်"ဖြစ်ကြောင်း အတည်ပြုရန် မေးမြန်းပါလိမ့်မည်။

ပထမအဆင့်သည် သင့်အတွက် အကောင့်တစ်ခုကို ဖန်တီးရန်ဖြစ်ပြီး — သင်သည် ဤလုပ်ဆောင်ချက်ကို တစ်ကြိမ်သာ လုပ်ရန် လိုအပ်ပါသည်။ လမ်းညွှန်ချက်အနေဖြင့် *၂-ဆင့် အတည်ပြုမှုဖြင့် စတင်လိုက် ခြင်း* စာရွက်စာတမ်းကို ကိုးကားပါ။ ပြီးနောက် သင်သည် သင့် W-2 ကို ဝင်ရောက် အသုံးပြုရန် လိုအပ်သည့် အချိန်တိုင်းတွင် ထိုအဆင့်များအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။

စနစ်အတွင်းရှိ အတည်ပြုမှု လိုအပ်သည့် နေရာသို့ သွားပါ → အတည်ပြုရန် လင့်ခ်ကို နှိပ်ပါ → အက်ပ်၊ မက်ဆေ့ချ် သို့မဟုတ် ဖုန်းခေါ်ဆိုမှုမှ အသိပေးချက် လက်ခံရရှိပါမည်။

↓

အက်ပ်အတွက် ခလုတ်ကို နှိပ်ပါ။ မက်ဆေ့ချ်အတွက် သင့်ထံ ပို့လိုက်သော ကုဒ်ကို ထည့်သွင်းပါ။ ဖုန်းခေါ်ဆိုမှုအတွက် မည်သည့်ခလုတ်ကိုမဆို နှိပ်ပါ။ → ယခု သင်သည် သင့် W-2 ကို ဝင်ရောက် အသုံးပြုနိုင်ပါပြီ

## သင့်ရဲ့ ၂-ဆင့် အတည်ပြုမှုကို ဖန်တီးခြင်း

သင့် W-2 ကို ဝင်ရောက် အသုံးမပြုမီ သင်သည် သင့် ၂-ဆင့် အကောင့်ကို သတ်မှတ်ရန် လိုအပ်ပါသည်။ သင်သည် Duo Mobile အက်ပ်၊ မိုဘိုင်းဖုန်း၊ ကြိုးဖုန်း သို့မဟုတ် တက်ဘလက်တို့ဖြင့် စမတ်ဖုန်းကို စာရင်းသွင်းနိုင်ပါသည်။ မည်သို့လုပ်ဆောင်ရမည်ဆိုသော လမ်းညွှန်ချက်အနေဖြင့် *၂-ဆင့် အတည်ပြုမှုဖြင့် စတင်လိုက် ခြင်း* စာရွက်စာတမ်းကို ကိုးကားပါ။

## သင့် W-2 ကို ဝင်ရောက် အသုံးပြုခြင်း

1. connectcarolina.unc.edu သို့ သွားပြီးနောက် **Login to ConnectCarolina and InfoPorte (Faculty, staff & alumni) (ConnectCarolina နှင့် InfoPorte တွင်လော့အင်ဝင်ပါ (အရာရှိ၊ ဝန်ထမ်းနှင့် ကျောင်းသူကျောင်းသားဟောင်းများ))**
2. သင့်နာမည် သို့မဟုတ် ညော့်အိုင်ဒီ နှင့် စကားဝှက်ကို ထည့်သွင်းပါ။ အကယ်၍ သင့်နာမည်၊ ညော့်အိုင်ဒီ သို့မဟုတ် စကားဝှက်အတွက် အကူအညီလိုပါက 962-HELP ကို ခေါ်ဆိုပါ။
3. ConnectCarolina (ကွန်နက်ကာရိုလိုင်းနား) ပင်မစာမျက်နှာမှ **Self Service (ကိုယ်တိုင် ဝန်ဆောင်မှု)** ကို နှိပ်ပြီး ဒုတိယဖြစ်သော **View W-2 /W-2c Forms (W-2 / W-2c ဖောင်များကို ကြည့်ပါ)** လင့်ခ်ကို နှိပ်ပါ။




**အရေးကြီးသည်-** အကယ်၍ သင်သည် သင့် ၂-ဆင့် အကောင့်ကို မသတ်မှတ်ရသေးပါက စနစ်သည် ဤမက်ဆေ့ချ်ကို ပြပါမည်-




အကူအညီ လိုပါသလား။ အကူအညီ ဂေဟ်တာ 962-HELP ကို ဆက်သွယ်ပါ။ အကယ်၍ သင်သည် ပုံနှိပ်ထားသော W-2 ကို လိုချင်ပါက payroll@unc.edu သို့ အီးမေးလ်ပို့ပါ။

## သင့် W-2 ကို ဝင်ရောက် အသုံးပြုခြင်း(အဆက်)

4. **၂-ဆင့် အတည်ပြုမှု**ကို နှိပ်ပါ။

Select Year End Form

| Tax Year | W-2 Reporting Company | Tax Form ID | Issue Date | Year End Form |
|---|---|---|---|---|
| 2015 | UNC | W-2 | 01/28/2016 | Verify with 2-Step |

5. အကယ်၍ သင်သည် စာရင်းသွင်းသည့်အခါ မိုဘိုင်းဖုန်း သို့မဟုတ် တက်ဘလက်ကို အသုံးပြုရန် ရွေးချယ်ပါက စက်ကို လော့ခ်ဖြည်ထားပါ (အတည်ပြုရန် သင့်တွင် စက္ကန့် 60 သာ အချိန်ရှိသောကြောင့် ၎င်းသည် အချိန်ကုန် သက်သာစေပါလိမ့်မည်)။

6. ဤဖရိန်အသစ်တွင် သင်မှတ်ပုံတင်သောအခါ သင်သတ်မှတ်သည့် နည်းစနစ်ကို ရွေးချယ်ပါ-
   - သင့် စမတ်ဖုန်း သို့မဟုတ် တက်ဘလက် အက်ပ်တွင် မက်ဆေ့ချ်ရရှိရန် **Send me a Push (ပေးပို့မက်ဆေ့ချ် ပို့ပေးပါ)** ကို နှိပ်ပါ။ သင့်စက်တွင် **Approve (အတည်ပြုမည်)** ကို နှိပ်ပါ။
   - ဖုန်းခေါ်ဆိုမှုကို ရရှိရန် **Call me (ခေါ်ဆိုပါ)** ကို နှိပ်ပါ။ ရရှိသည်နှင့် ဖုန်းရှိ မည်သည့်ခလုတ်ကိုမဆို နှိပ်ပါ။
   - **Enter a Passcode (စကားဝှက်ကုဒ်ကို ထည့်သွင်းမည်)** ကို နှိပ်ပြီး များစွာသော စကားဝှက်ကုဒ်များဖြင့် မက်ဆေ့ချ်ရရှိရန် **Text me new codes (ကုဒ်အသစ်များ မက်ဆေ့ချ်ပို့ပါ)** ကို နှိပ်ပါ။ သင့်ထံ ပေးပို့လိုက်သော ပထမဆုံး စကားဝှက်ကုဒ်ကို ထည့်သွင်းပါ။




ရလဒ်- View W-2/W-2c Form (W-2/W-2c ဖောင်မြင်ကွင်း) မျက်နှာပြင်သည် ပြန်လည်စတင်ပြီး Year End Form (နှစ်ဆုံးဖောင်လင့်ခ်) ကို ပြပေးပါသည်။

Select Year End Form

| Tax Year | W-2 Reporting Company | Tax Form ID | Issue Date | Year End Form |
|---|---|---|---|---|
| 2015 | UNC | W-2 | 01/28/2016 | Year End Form |

7. လက်ရှိ Year W-2 (နှစ် W-2) ကို ကြည့်ရှုရန် **Year End Form (နှစ်ဆုံးဖောင်)** ကို နှိပ်ပါ။

မှတ်သားရန်- W-2 များကို ၂၀၁၄ခုနှစ် ပြက္ခဒိန်နှစ်မှ စ၍ ရရှိနိုင်ပါသည်။ ၂၀၁၄ခုနှစ်၏ အစောပိုင်းနှစ် W-2 များကိုမူ ConnectCarolina (ကွန်နက်ကာရိုလိုင်းနား) တွင် မရရှိနိုင်ပါ။

orm

| Tax Form ID | Issue Date | Year End Form |
|---|---|---|
| W-2 | 01/28/2016 | Year End Form |

8. သင်သည် အစောပိုင်းနှစ်များမှ W-2 များကို ကြည့်လိုပါက **View a Different Tax Year (ကွဲပြားသော အခွန်နှစ်ကို ကြည့်ရန်)** ကို နှိပ်ပါ။




9. အကယ်၍ လိုအပ်ပါက ကြည့်ရှုရန် **Filing Instruction (လမ်းညွှန်ချက်ပေးပို့ခြင်း)** ကို နှိပ်ပါ သို့မဟုတ် သင်ရွေးချယ်ထားသော W-2 အတွက် IRS လမ်းညွှန်ချက်များကို ပရင့်ထုတ်ပါ။




***မှတ်သားရန်-*** *W-2c သည် ပြုပြင်ထားသော W-2 ဖြစ်ပါသည်။ ConnectCarolina တွင် W-2c ဝင်ရောက်အသုံးပြုမှု နောက်ရက်များတွင် လာပါမည်။*